
23 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၁)
## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ




- အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားမှု
- တိုင်းရင်းသား လက်နက်ကိုင်များ အချင်းချင်း ဖြစ်ပွားမှု
- အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အကြား ဖြစ်ပွားမှု

### ■ တိုက်ပွဲဖြစ်ပွားခဲ့သော နေရာများ


၂၀၂၁ ခုနှစ် ဇူလိုင် ၁ မှ နိုဝင်ဘာ ၂၀ ရက် အတွင်း မြန်မာနိုင်ငံအနှံ့ဖြစ်ပွားခဲ့သော တိုက်ပွဲများ၏ တည်နေရာပြမြေပုံ ဖြစ်ပါသည်။ တိုက်ပွဲအမျိုးအစားအား ဖြင့် သုံးမျိုးခွဲခြားထားပြီး အာဏာသိမ်း စစ်ကောင်စီ နှင့် တိုင်းရင်းသားလက်နက်ကိုင်များ အကြား ဖြစ်ပွားသောတိုက်ပွဲများ၊ တိုင်းရင်းသား လက်နက်ကိုင် အချင်းချင်း ဖြစ်ပွားသောတိုက်ပွဲများ၊ အာဏာသိမ်း စစ်ကောင်စီ နှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား ဖြစ်ပွားသော တိုက်ပွဲများဟူ၍ ဖြစ်သည်။ ယခုပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏တည်နေရာကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။ မြို့နယ် တခုတွင် အနည်းဆုံး တိုက်ပွဲတကြိမ်စီဖြစ်ခဲ့ပြီး တကြိမ်မက ဖြစ်ခဲ့သော မြို့နယ်များလည်း ပါရှိပါသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၃၁ ရက်က ဖော်ပြခဲ့သော အချက်အလက်များနှင့် နှိုင်းယှဉ်ပါက (**အလေးထား ရမည့်အကြောင်းအချက်များ အမှတ် - ၅၆ ကို ရှုပါ**) အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံပြည်သူ့ကာ ကွယ်ရေးတပ်ဖွဲ့များအကြား ဖြစ်နေသည့်တိုက်ပွဲ များ ပိုများလာသည်ကို တွေ့နိုင်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

23 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၁)
တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

## တိုက်ပွဲများ၊ အပြန်အလှန်ပစ်ခတ်မှုများနှင့် အရပ်သားသေဆုံးမှုများ





၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုဝင်ဘာ ၂၀ ရက်အထိ မြန်မာနိုင်ငံအနှံ့ဖြစ်ခဲ့သော တိုက်ပွဲများ၊ အပြန်အလှန်ပစ်ခတ်မှုများနှင့် အရပ်သားသေဆုံးမှုများ ဖြစ်ပါသည်။ ဆယ်လတာကာလအတွင်း တိုက်ပွဲနှင့် အပြန်အလှန်ပစ်ခတ်မှု **၁,၆၉၇ ကြိမ်**ထက်မနည်း ရှိခဲ့ပြီး အရပ်သားသေဆုံးမှု **၂၅၂ ဦး**ထက်မနည်း ရှိခဲ့ပါသည်။ တိုက်ပွဲနှင့် အပြန်အလှန်ပစ်ခတ်မှုများသည် စက်တင်ဘာတွင် အများဆုံးဖြစ်ခဲ့ပြီး **၃၄၄ ကြိမ်**ထက်မနည်း ရှိခဲ့သည်။ အရပ်သားများသေဆုံးမှုသည် ဇွန်တွင် အများဆုံးဖြစ်ခဲ့သည်။ ယခုအချက်အလက်များသည် လက်လှမ်းမီသမျှ စုစည်းထားခြင်းသာဖြစ်ပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုများနိုင်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၁)
## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီအကြားဖြစ်ပွားသော ပစ်ခတ်တိုက်ခိုက်မှုများနှင့် အရပ်သားသေဆုံးမှုများ





၂၀၂၁ ခုနှစ် ဧပြီမှစ၍ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသအချို့ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကြားတွင်လည်း အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိပြီး ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ စုစုပေါင်း **အကြိမ် ၂၃၀** ထက်မနည်း ဖြစ်ခဲ့သည်။ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) က စက်တင်ဘာ ၇ ရက်တွင် ခုခံတွန်းလှန်စစ် ကြေညာပြီးနောက်ပိုင်း တိုက်ပွဲဖြစ်ပွားမှု ပိုမိုမြင့်တက်ခဲ့သည်။ စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလများအတွင်း အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှု **၁၂၉ ကြိမ်**ထက်မနည်းဖြစ်ခဲ့သည်။ ထိုတိုက်ပွဲများကြောင့် အရပ်သားပြည်သူ **၆၂ ဦး**ထက်မနည်း သေဆုံးခဲ့သည်။ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားသေဆုံးရမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူစာရင်းကိုသာ ကောက်ယူထားခြင်းဖြစ်ပြီး နှစ်ဖက်တပ်ဖွဲ့များ၏ ကျဆုံး၊ထိခိုက်ဒဏ်ရာရစာရင်းကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ ယခုအချက်အလက်များသည် လက်လှမ်းမီသမျှ စုစည်းထားခြင်းသာဖြစ်ပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုများနိုင်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၁)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများတွင် ဖြစ်ပွားသောတိုက်ပွဲများ





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုဝင်ဘာ ၂၀ ရက် အထိ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်း အစရှိသော တိုင်းရင်းသားဒေသများတွင် တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်း **၁,၃၂၇ ကြိမ်**ထက်မနည်း ရှိခဲ့သည်။ အောက်တိုဘာလအတွင်း တိုက်ပွဲဖြစ်ပွားမှု အများဆုံးဖြစ်ခဲ့ပြီး **၃၀၁ ကြိမ်** ထက်မနည်း ရှိခဲ့သည်။ တိုက်ပွဲအများစုမှာ ကရင်အမျိုးသား အစည်းအရုံး (KNU) နယ်မြေများတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ KNU ၏ ထုတ်ပြန်ချက်ကို ကိုးကားထားသည့် KIC သတင်းဌာန၏ ဖော်ပြချက်အရ အောက်တိုဘာလအတွင်း KNU တပ်မဟာနယ်မြေများ၌ စစ်ကောင်စီ၊ BGF နှင့် KNU အဖွဲ့တို့အကြား တိုက်ပွဲပေါင်း **၂၇၅ ကြိမ်** ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထို့အပြင် တနှစ်ကျော်ကြာ တိုက်ပွဲဖြစ်ပွားမှု ရပ်နားနေသည့် ရခိုင်ပြည်နယ်တွင်လည်း နိုဝင်ဘာ ၉ ရက်နေ့၌ စစ်ကောင်စီနှင့် AA အဖွဲ့တို့အကြား မောင်တောမြို့နယ်တွင် တိုက်ပွဲဖြစ်ပွားမှု ရှိခဲ့သည်။ ယခုအချက်အလက်များသည် လက်လှမ်းမီသမျှ စုစည်းထားခြင်းသာဖြစ်ပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုများနိုင်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

23 November, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၁)
## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### တိုက်ပွဲများနှင့် အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုများကြောင့် သေဆုံးခဲ့ရသော အရပ်သားပြည်သူများ




၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် အကြမ်းဖက်ဖြိုခွင်းမှုများကြောင့် သေဆုံးခဲ့ရသည့် အရပ်သားပြည်သူအရေအတွက်မှာ **၁,၅၃၃ ဦး**ထက်မနည်း ရှိခဲ့သည်။ ISP-Myanmar က လက်လှမ်းမီသမျှ စုစည်းခဲ့သော အချက်အလက်များအရ တိုက်ပွဲများနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ရသည့် အရပ်သားပြည်သူ **၂၅၂ ဦး**ထက်မနည်းရှိသည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ နိုဝင်ဘာ ၂၀ ရက် စာရင်းအရ စစ်ကောင်စီ၏ အကြမ်းဖက်ဖြိုခွဲမှုနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးရသူအရေအတွက်မှာလည်း **၁,၂၈၁ ဦး**ထက်မနည်း ရှိခဲ့သည်။ ယခု အချက်အလက်များသည် AAPP နှင့် ISP-Myanmar က လက်လှမ်းမီသမျှ စုစည်းထားသည့် အချက်အလက်များကိုသာ ဖော်ပြထားခြင်းဖြစ်ပြီး မြေပြင်အခြေအနေတွင် ပိုများနိုင်သည်။ ထို့အပြင် ယခုစာရင်းတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် စစ်ကောင်စီက ထုတ်ပြန်ထားသော ကိန်းဂဏန်းများကို ထည့်သွင်းထားခြင်းမရှိဘဲ ၎င်းတို့၏ဖော်ပြချက်များကို စာမျက်နှာ ၆ နှင့် ၇ တွင် သီးခြား ဖော်ပြထားပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။


23 November, 2021


# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၁)


## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### ■ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်သော အချက်အလက်များ





ယခုဖော်ပြပါ အချက်အလက်များသည် ၂၀၂၁ ခုနှစ် ဇွန်မှ နိုဝင်ဘာ ၇ ရက်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်များအပေါ် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကိန်းဂဏန်းအချက်အလက် ထုတ်ပြန်ချက်များကို စုစည်းဖော်ပြထားခြင်း ဖြစ်သည်။ အဆိုပါ အချက်အလက်များအရ ဇွန်မှ နိုဝင်ဘာ ၇ ရက်အတွင်း တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်ပေါင်း **၂,၅၃၀ ကြိမ်** ဖြစ်ပွားခဲ့သည်ဟုဆိုပါသည်။ တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်များဟုဆိုရာတွင် လက်နက်ကိုင်တိုက်ပွဲများ၊ အရပ်သားများအပေါ် အကြမ်းဖက်မှုများ၊ ပေါက်ကွဲမှုများ၊ လုပ်ကြံခံရမှုများ စသဖြင့်ပါဝင်ကြောင်း ဖော်ပြထားသည်။ ၂၀၂၁ ခုနှစ် ဇွန်မှ နိုဝင်ဘာ ၇ ရက်အထိ အဆိုပါဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရသည့် အရပ်သားပြည်သူ စုစုပေါင်း **၉၀၈ ဦး**၊ ထိခိုက်ဒဏ်ရာရရှိသူ **၃၅၆ ဦး** ရှိခဲ့ကြောင်း၊ စစ်ကောင်စီဘက်မှ သေဆုံးရသူအရေအတွက်မှာလည်း **၂,၉၄၁ ဦး** အထိ ရှိကြောင်း သိရပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။ ဖော်ပြပါ အချက်အလက်များအတွက် လွတ်လပ်သောအဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက် မရှိပါ။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၁)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်ကောင်စီက ထုတ်ပြန်သော အချက်အလက်များ





စစ်ကောင်စီ၏ အောက်တိုဘာ ၂၃ ရက် ထုတ်ပြန်ချက်အရ **(အောက်တိုဘာ ၂၁ ရက်အထိ) သေဆုံးသူစုစုပေါင်း ၁,၃၃၇ ဦး** ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ၁,၃၃၇ ဦးထဲတွင် **အရပ်သား ၁,၁၅၅ ဦး၊ တပ်မတော်သား ၇၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၉၃ ဦးနှင့် အစိုးရဝန်ထမ်း ၁၄ ဦး** ပါဝင်ကြောင်း ၎င်းတို့က ထုတ်ပြန်ထားပါသည်။ ထိုကိန်းဂဏန်းများအနက် (စက်တင်ဘာ ၉ ရက်တွင် စစ်ကောင်စီကပြုလုပ်ခဲ့သော မြန်မာနိုင်ငံအခြေစိုက် သံတမန်များအား ရှင်းလင်းပွဲ၌ ပြောကြားခဲ့သည့် အချက်အလက်များနှင့် သတင်းမီဒီယာများအား ပြောခဲ့သော အချက်အလက်များအရ) **နိုဝင်ဘာ ၁၆ ရက်အထိ မှတ်တမ်းတင်ထားသော ၁,၁၉၀ ဦး၏** သေဆုံးမှုအမျိုးအစားများမှာ ပုံတွင်ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များသည် စစ်ကောင်စီ၏ ထုတ်ပြန်ချက်များကို စုစည်းဖော်ပြထားခြင်းသာဖြစ်ပြီး လွတ်လပ်သောအဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက် မရှိပါ။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၁)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ




### ငါးလတာကာလအတွင်း နေအိမ်များ မီးရှို့ဖျက်ဆီးခံခဲ့ရသည့် ဒေသများ

၂၀၂၁ ခုနှစ် ဇွန်မှ နိုဝင်ဘာ ၂၀ အထိ ဖြစ်ပွားခဲ့သော တိုက်ပွဲနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားပြည်သူများ၏ နေအိမ်များ မီးရှို့ဖျက်ဆီးခံခဲ့ရသည့်ဖြစ်စဉ်များ ရှိခဲ့သည်။ ၎င်းတို့အနက် လက်လှမ်းမီသမျှ မြို့နယ်နှင့် ကျေးရွာများ၏ တည်နေရာကို ယခုမြေပုံတွင် ဖော်ပြထားပါသည်။ မီးရှို့မှုကို စစ်ကောင်စီဘက်က လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟု ဖော်ပြကြပြီး၊ **အိမ်ခြေ ၂၄၀ ကျော်အနက် ၂၀၀ ခန့်**မီးလောင်ကျွမ်းခဲ့သော ကင်းမရွာဖြစ်စဉ်နှင့် အောက်တိုဘာ ၂၉ ရက် ထန်တလန်ဖြစ်စဉ်တို့ကိုမူ စစ်ကောင်စီက ငြင်းဆန်ထားပါသည်။ ငါးလတာကာလအတွင်း အရပ်သားပြည်သူများ၏ **နေအိမ် ၈၇၅ လုံး**ထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ အများစုမှာ ချင်းပြည်နယ်နှင့် မကွေးတိုင်းမှဖြစ်ပြီး ချင်းပြည်နယ်တွင် **၄၄၇ လုံး**ထက်မနည်းနှင့် မကွေးတိုင်းတွင် **၃၂၈ လုံး**ထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၃၁ ရက်က ဖော်ပြခဲ့သော အချက်အလက်များနှင့် နှိုင်းယှဉ်ပါက (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၆ ကိုရှုပါ**) မီးရှို့ဖျက်ဆီးခံခဲ့ရသော အိမ်ခြေ **၄၂ လုံး**ထက်မနည်း တိုးလာခဲ့ခြင်းဖြစ်သည်။ ယခုဖော်ပြပါ အချက်အလက်များ အနက် ချင်းပြည်နယ်အတွင်း မီးရှို့ဖျက်ဆီးခံခဲ့ရသည့် အရေအတွက်ကို ချင်းပြည်နယ် လွှတ်တော်ကိုယ်စားပြုကော်မတီ၏ အောက်တိုဘာ ၃၀ ရက်ကြေညာချက်မှ ရယူဖော်ပြထားခြင်းဖြစ်ပြီး ကျန်ရှိသော အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်ကို ကိုးကားထားခြင်း ဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခု ဖော်ပြထားသည်များထက် ပိုမိုများပြားနိုင်ပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများ၊ လွတ်လပ်သော အဖွဲ့အစည်းများနှင့် ချင်းပြည်နယ် လွှတ်တော် ကိုယ်စားပြုကော်မတီ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

23 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၁)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### နေရပ်စွန့်ခွာ ဒုက္ခသည်များ




စစ်အာဏာသိမ်းပြီးနောက် တိုးလာသော စစ်ပြေးဒုက္ခသည် အရေအတွက်

**၃၆၁,၇၂၇+**

အာဏာသိမ်းစစ်ကောင်စီ၏ တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရသည့် ပြည်တွင်း စစ်ပြေးဒုက္ခသည်များဖြစ်ပြီး ကယားပြည်နယ်တခုတည်း၌ ၁၁၀,၀၀၀ ကျော် ရှိနေသည်။

ယခင်ရှိထားသော စစ်ပြေးဒုက္ခသည် အရေအတွက်

**၄၉၇,၂၀၀+**

ဘင်္ဂလားဒေ့ရှ်နှင့်ထိုင်းနယ်စပ်ရှိ ပြည်ပဒုက္ခသည် အရေအတွက်

**၉၇၂,၀၀၀+**

မြန်မာ-ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာလာရသူ စစ်ပြေးဒုက္ခသည်ပေါင်း ၉၂,၀၀၀ ကျော် ရှိနေပြီး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်၊ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင်လည်း ရိုဟင်ဂျာဒုက္ခသည် ၈၈၀,၀၀၀ ကျော် ရှိနေသည်။


လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူ စစ်ပြေးဒုက္ခသည် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၀ အထိ စုစုပေါင်း **၈၅၈,၉၂၇ ဦး**ကျော် ရှိလာသည်။ အဆိုပါ ပမာဏအနက် **၃၆၁,၇၂၇ ဦး**ကျော်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးနောက် တိုးလာသည့်အရေအတွက်ဖြစ်သည်။ ယခင်လကဖော်ပြခဲ့သော အချက်အလက်များအရ စစ်ပြေးဒုက္ခသည် အရေအတွက် **၃၀၈,၆၅၇** ကျော် (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၆ ကိုရှု**) ရှိခဲ့ရာမှ ယခု **၃၆၁,၇၂၇** ကျော် အထိ ရှိလာသဖြင့် တလအတွင်း **၅၃,၀၇၀ ဦး**ကျော် တိုးလာခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာလအတွင်း စစ်ကိုင်းတိုင်းမှ ဒေသခံပြည်သူ **၃၆,၀၀၀** ကျော်၊ ရှမ်းပြည်နယ်မှ **၁,၀၀၀** ကျော်နှင့် တနင်္သာရီတိုင်းမှ **၅၀၀** ကျော် ထပ်မံ၍ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ၂၀၁၉ နှစ်ဦးပိုင်းမှ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာအထိ ဖြစ်ပွားခဲ့သော တပ်မတော်နှင့် AA အဖွဲ့တို့ အကြား တိုက်ပွဲများကြောင့် စစ်ဘေးတိမ်းရှောင်နေရသည့် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ **စစ်ဘေးရှောင် ၃၀၀** ခန့်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ စစ်ဘေးရှောင်အချို့ နိုဝင်ဘာလ အစောပိုင်းတွင် နေရပ်ပြန်မှုများ ရှိခဲ့သော်လည်း မြေမြှုပ်မိုင်းအန္တရာယ်နှင့် ပတ်သတ်၍ စိုးရိမ်နေရကြောင်း သိရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

23 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၁)
## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ


### စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဒေသအလိုက်တိုးလာသည့် စစ်ပြေးဒုက္ခသည်အရေအတွက်




စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တို့အကြား တိုက်ပွဲများ ပြင်းထန်လာသည့်အပြင် ဒေသအသီးသီးမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီတို့ အကြား အပြန်အလှန်ပစ်ခတ်မှုများလည်း ရှိလာပါသည်။ အဆိုပါ အခြေအနေများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးရသူ ဒုက္ခသည်များတိုးလာပြီး ဆယ်လတာကာလအတွင်း စုစုပေါင်း **၃၆၁,၇၂၇ ဦး**ကျော်အထိ ရှိခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပြေးဒုက္ခသည်အများဆုံးရှိလာသည့်ဒေသမှာ ကယားပြည်နယ်ဖြစ်ပြီး စုစုပေါင်း **၁၁၀,၂၀၀** ကျော် ရှိနေသည်။ ထို့အတူ ယခင်က စစ်ပြေးဒုက္ခသည်မရှိခဲ့သော စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင်လည်း စစ်ပြေးဒုက္ခသည်များ ရှိလာသည်။ နိုဝင်ဘာလ ၈ ရက်နေ့မှစ၍ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းနှင့် ရေဦးမြို့နယ်များရှိ **ကျေးရွာပေါင်း ၂၀ ခန့်**ကို စစ်ကောင်စီဘက်မှ ဝင်ရောက်စီးနင်းမှုများရှိခဲ့ပြီး အဆိုပါရွာများမှ ဒေသခံပြည်သူ **၃၅,၀၀၀** ကျော်မှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၁)
## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ




### ငါးလအတွင်းတိုးလာသည့် စစ်ပြေးဒုက္ခသည်များ

**၂၀၂၁ ခုနှစ် ဇူလိုင်မှ နိုဝင်ဘာ ၂၀ ရက် အထိ ငါးလတာ ကာလအတွင်း** ဖြစ်ပွားခဲ့သော တိုက်ပွဲများ၊ အပြန်အလှန် ပစ်ခတ်မှုများကြောင့် တိုးလာသည့် စစ်ပြေးဒုက္ခသည်များ၏ အရေအတွက်အခြေပြု တည်နေရာပြမြေပုံ ဖြစ်ပါသည်။ စစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်တို့အကြား ဖြစ်ပွားသော တိုက်ပွဲများ၊ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်းဖြစ်ပွားသော တိုက်ပွဲများ၊ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့တို့အကြား ဖြစ်ပွားသော တိုက်ပွဲများကြောင့် ထပ်မံ၍ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်း ဖြစ်သည်။ ယခုဖော်ပြထားသော တည်နေရာများသည် ဒုက္ခသည်များ နေရပ်စွန့်ခွာခဲ့ရသည့် မြို့နယ် တည်နေရာများကို ဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ကိုးကားထားခြင်းဖြစ်ပြီး လက်တွေ့မြေပြင် အနေအထားတွင် ယခုထက် ပိုမိုများပြားနိုင်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

23 November, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၁)
## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်ပြေးဒုက္ခသည်များ အခြေအနေ (၂၀၂၁ ခုနှစ် နိုဝင်ဘာ)

**စစ်ကိုင်းတိုင်း**

နိုဝင်ဘာလအတွင်း စစ်ကိုင်းတိုင်း၊ ဒီပဲယင်းနှင့် ရေဦးမြို့နယ်များရှိ ကျေးရွာပေါင်း ၂၀ ခန့်ကို စစ်ကောင်စီဘက်မှ ဝင်ရောက်စီးနင်းမှုများရှိခဲ့ပြီး အဆိုပါရွာများမှ ဒေသခံပြည်သူ **၃၅,၀၀၀ ကျော်**မှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရသည်ဟု ရေဝတီ သတင်းဌာနက ဖော်ပြခဲ့သည်။ ထို့အပြင် နိုဝင်ဘာ ၉ ရက်နေ့တွင် ကသာမြို့နယ်၌ စစ်ကောင်စီနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီက အနီးရှိ မိုးတားလေးရွာအတွင်း ဝင်ရောက်ကာ လူနေအိမ်များကို မီးရှို့ဖျက်ဆီးမှုကြောင့် ဒေသခံပြည်သူ **၁,၀၀၀ ထက်**မနည်းမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း Myanmar Now သတင်းဌာနက ဖော်ပြခဲ့သည်။

**ရှမ်းပြည်နယ်**

နိုဝင်ဘာလ အစောပိုင်း၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ ဟိုင်းပုကျေးရွာအတွင်း SSPP/SSA အဖွဲ့ပါဝင်သော တပ်ပေါင်းစု ဝင်ရောက်လာပြီးနောက် ဟိုင်းပုကျေးရွာအပါအဝင် အနီးအနားရှိ ဒေသခံ **၁,၀၀၀ ကျော်**မှာ ထိတ်လန့်ပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်ဟု Shan News သတင်းဌာနက ဖော်ပြခဲ့သည်။

**တနင်္သာရီတိုင်း**

KIC သတင်းဌာန၏ ဖော်ပြချက်အရ နိုဝင်ဘာ ၃ ရက်နေ့၌ တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်၊ သစ်ကတိုးနှင့် ဟာမြင်းကြီးကျေးရွာတို့တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခံရပြီးနောက် ကျေးရွာများမှ လူအချို့ကို ဝင်ရောက်ဖမ်းဆီးမှုများ ရှိသောကြောင့် အနီးအနားရှိ ကျေးရွာလေးရွာမှ ဒေသခံ **၅၀၀ ကျော်**မှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

**ရခိုင်ပြည်နယ်**

၂၀၁၉ နှစ်ဦးပိုင်းမှ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာအထိ ဖြစ်ပွားခဲ့သော တပ်မတော်နှင့် AA အဖွဲ့တို့ အကြား တိုက်ပွဲများကြောင့် စစ်ပြေးရှောင်နေရသည့် ဒုက္ခသည်များအနက် အချို့မှာ ယခုလအစောပိုင်းတွင် နေရပ်ပြန်မှုများ ရှိခဲ့ကြောင်း DMG သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ စစ်ဘေးရှောင် **၃၀၀ ခန့်**နှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ စစ်ဘေးရှောင်အချို့ နေရပ်ပြန်လာခဲ့ကြခြင်းဖြစ်သည်။ နေရပ်ပြန်စစ်ဘေးရှောင်များအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ထောက်ပံ့ကူညီမှုများရှိသော်လည်း မြေမြှုပ်မိုင်းအန္တရာယ်နှင့် ပတ်သက်၍ စိုးရိမ်နေရကြောင်း သိရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို
အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။